# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
(၁၈)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**( ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၈၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၇-၉-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ARF Work Shop တက်ရောက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ခြင်းလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးခင်မောင်အုန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေး။ စိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပါတီကိစ္စဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဆေးတက္ကသိုလ်ဝင်ခွင့်ကို ယောကျ်ား၊ မိန်းမ ခွဲခြားလျက် (၅၀)ရာခိုင်နှုန်းစီ သတ်မှတ်ထားခြင်းကို ပယ်ဖျက်၍ ရရှိသောအမှတ်အလိုက် အစဉ်အတိုင်းဝင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ 　　။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က ဆေးတက္ကသိုလ်ဝင်ခွင့်ကို ယောကျ်ား၊ မိန်းမ ခွဲခြားလျက် (၅၀)ရာခိုင်နှုန်းစီ သတ်မှတ်ထားခြင်းကို ပယ်ဖျက်၍ ရရှိသောအမှတ်အလိုက် အစဉ်အတိုင်းဝင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ 　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဆေးတက္ကသိုလ်ဝင်ခွင့်ကို ယောကျ်ား၊ မိန်းမ ခွဲခြားလျက် (၅၀)ရာခိုင်နှုန်းစီ သတ်မှတ်ထားခြင်းကို ပယ်ဖျက်၍ ရရှိသောအမှတ်အလိုက် အစဉ်အတိုင်း ဝင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယောကျ်ားလေး (၅၀)ရာခိုင်နှုန်းစီ၊ မိန်းကလေး (၅၀)ရာခိုင်နှုန်းစီ မူဝါဒဟာ ရုတ်တရက် ကြည့်ရင်တော့ ညီတူညီမျှ အခွင့်အရေးပေးတယ်၊ တရားမျှတတယ်လို့ထင်ရပေမယ့် တကယ်တော့ ဒါဟာ ညီတူညီမျှ ကန့်သတ်ပိတ်ပင်ထားတာသာဖြစ်ပါတယ်။ ယောကျ်ားလေးကိုဖြစ်စေ၊ မိန်းကလေးကို ဖြစ်စေ၊ (၅၀)ရာခိုင်နှုန်းစီထက် ပိုပြီးအခွင့်အရေးမရအောင် တားမြစ်ထားတာဖြစ်ပါတယ်။ ယခင့် ယခင် မူဝါဒများ ဖြစ်တဲ့ ယောကျ်ားလေး (၆၀)ရာခိုင်နှုန်း၊ မိန်းကလေး (၄၀)ရာခိုင်နှုန်း ဝင်ခွင့်ပေးတဲ့မူဝါဒက ပိုပြီးတော့ ဆိုးပါတယ်။ မိန်းကလေးတွေရဲ့ အခွင့်အရေးကို ပိုပြီးတော့ ဆုံးရှုံးနစ်နာစေပါတယ်။ ယခု (၅၀)ရာခိုင်နှုန်းစီ မူဝါဒဟာ (၆၀)ရာခိုင်နှုန်း၊ (၄၀)ရာခိုင်နှုန်း မူဝါဒကို ဖြေလျော့ပေးပြီး မိန်းကလေးတွေကို တားမြစ်မှုကနေ အနည်းငယ် လျှော့ပေးလိုက်တာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဆေးတက္ကသိုလ်ဝင်ခွင့်မှာ ယောကျ်ားလေးတစ်ယောက်က (၄၉၃)မှတ်ရရှိရုံနဲ့ ဝင်ခွင့်ရရှိခဲ့ပြီး မိန်းကလေးတစ်ယောက်ကတော့ (၅၀၇)မှတ်ရမှသာ ဆေးတက္ကသိုလ်ကို ဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်ထက် (၁၄)မှတ်များမှသာ ဆေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ခွင့်၊ ဆရာဝန်ဖြစ်ခွင့်၊ ဆရာဝန်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုခွင့် ရရှိမှာဖြစ်ပါတယ်။ မိန်းကလေးတစ်ယောက်က ဆေးကျောင်းကို အမှတ်စဉ် နောက်ဆုံးကဝင်သွားတဲ့ ယောကျ်ားလေးတစ်ယောက်ထက် (၁၃)မှတ်များနေပေမယ့် ယောကျ်ားလေးတစ်ယောက်ရတဲ့ အခွင့်အရေးကို သူမရရှိပဲ ဆုံးရှုံးနစ်နာခဲ့ရတာ ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်တက်ရောက်လိုသူက များပြီး မိန်းကလေးတွေက ယောကျ်ားလေးထက် တက္ကသိုလ်ဝင်တန်းမှာ ပိုမိုကြိုးစားအားထုတ်လို့ ပိုမိုအမှတ်များများရကြပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ကို

ပိုပြီးလျှောက်ထားကြတဲ့အတွက် ဒီလိုတွေဖြစ်တာဖြစ်ပါတယ်။ ဒါပေမဲ့ မိန်းကလေးတွေ ဘယ်လိုပဲ ကြိုးစားပြီး၊ ဘယ်လောက်ပဲ အမှတ်ရပေမယ့် သူတို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရရှိတဲ့ အရည်အချင်း၊ အရည်အသွေးတွေကို ဆေးကျောင်းဝင်ခွင့် (၅၀)ရာခိုင်နှုန်း မူဝါဒက အသိအမှတ်မပြုဘဲ ငြင်းပယ်တာကို ခံရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူတစ်ယောက်က ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သူ့ရဲ့အရည်အချင်းနဲ့ ကြိုးစားအားထုတ်မှုအလိုက် တရားတဲ့အခွင့်အရေး ခံစားခွင့်တွေကို ရရှိခံစားစေရမှာဖြစ်ပါတယ်။ ဒါမှသာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေနဲ့လည်း ကိုက်ညီမှာ ဖြစ်ပါတယ်။ ဒီ (၅၀)ရာခိုင်နှုန်း မူဝါဒဟာ ဝေးလံခေါင်ဖျား ခက်ခဲဒေသများသို့ သွားရောက်တာဝန် ထမ်းဆောင်နိုင်ပေမယ့် ယောကျ်ားလေးဆရာဝန်ရရှိရန် ရည်ရွယ်တယ်လို့ ယူဆရပါတယ်။ ဒါပေမဲ့ ဒီရည်ရွယ်ချက် ပြည့်မြောက်အောင်မြင်သလားဆိုတာ ဆန်းစစ်ရမှာဖြစ်ပါတယ်။ ဝေးလံခေါင်ဖျား ဒေသမှ လွှတ်တော်ကိုယ်စားလှယ်များ သူတို့ရဲ့ မဲဆန္ဒနယ်မြေများမှာ ဆရာဝန်တွေမရှိလို့၊ မလာလို့ ပြန်သွားကြလို့ တစ်စာစာ မေးမြန်းတောင်းဆိုနေကြတာကို ကြည့်ခြင်းအားဖြင့် ဒီမူဝါဒ အလုပ် မဖြစ်ဘူး၊ မအောင်မြင်ဘူးဆိုတာ သိနိုင်ပါတယ်။ ဝေးလံခက်ခဲဒေသများကို ဆရာဝန်များ လာရောက် လုပ်ကိုင်ဖို့ရာအတွက် ပိုမိုထိရောက်အကျိုးရှိတဲ့ မူဝါဒများ ချမှတ်ရမှာဖြစ်ပါတယ်။ ခံစားခွင့်တွေ ပိုပေးရမယ်။ နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး လွယ်ကူအောင်ဆောင်ရွက်ပေးရမယ်။ မက်လုံးများ ပေးရပါမယ်။ ဒီလိုဆိုလို့ရှိရင်တော့ ယောကျ်ားဆရာဝန်ဖြစ်ဖြစ်၊ မိန်းမဆရာဝန်ဖြစ်ဖြစ် လာရောက် ပြီးတော့ တာဝန်ထမ်းဆောင်ကြမှာဖြစ်ပါတယ်။ ဝေးလံခက်ခဲဒေသများအတွက် ဆေးကျောင်းဝင်ခွင့်ကို သီးခြားခွဲတမ်းလည်း ရှိပြီးသားဖြစ်တဲ့အတွက် ယောကျ်ား၊ မိန်းမ ခွဲခြားခေါ်ယူတဲ့ မူဝါဒကို ပယ်ဖျက် သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။

မူဝါဒတစ်ခုဟာ ရည်ရွယ်တဲ့ ရလဒ်ကိုမရရှိရင် ပယ်ဖျက်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ရည်ရွယ်တဲ့ ရလဒ်ကိုရရင်လည်း အခြားသူတစ်ဦးတစ်ယောက် အခွင့်အရေးကို ထိခိုက်နစ်နာဆုံးရှုံး စေပြီးမှ ရတယ်ဆိုရင်လည်း ဒီမူဝါဒဟာ မူဝါဒကောင်းတစ်ခု မဟုတ်ဘူးလို့ ယူဆရမှာဖြစ်ပါတယ်။ ဒီ (၅၀)ရာခိုင်နှုန်း၊ ကန့်သတ်ချက်ကို ဖယ်ရှားလိုက်ခြင်းဖြင့် ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် သူတို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ အရည်အချင်းအရ အခွင့်အရေးများ ရရှိခံစားရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ သဘာဝအရ မွေးရာပါဖြစ်တဲ့ လိင်ကြောင့် ဖိနှိပ်ကန့်သတ်ချုပ်ချယ်ခြင်းမှ ကင်းလွတ်ဖို့ရန် ရည်ရွယ် ပြီးတော့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point လေး ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ အမျိုးသမီးတွေလည်း တာဝန်ထမ်းဆောင်နိုင်တယ်ဆိုတာ ပြတာဖြစ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အရှေ့တောင်ဘက် စေတောင်ကျေးရွာအုပ်စု၊ စေတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အရှေ့တောင်ဘက် စေတောင်ကျေးရွာအုပ်စု၊ စေတောင်

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၉)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့နယ်၊ အရှေ့တောင်ဘက် စေတောင်ကျေးရွာအုပ်စု၊ စေတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာန သို့မဟုတ် ဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာဟာ ဘူးသီးတောင်မြို့ရဲ့ အရှေ့တောင်ဘက် (၁၄)မိုင်ခန့် အကွာမှာ တည်ရှိပြီးတော့ အိမ်ခြေ(၃၆၅)အိမ်၊ လူဦးရေ (၁၉၀၀)ခန့်ရှိကာ ဘူးသီးတောင်မြို့နယ် အတွင်း အကြီးဆုံးနဲ့အိမ်ခြေအများဆုံး ရခိုင်ရွာတစ်ရွာ ဖြစ်ပါတယ်ခင်ဗျား။ အခြေခံပညာအလယ်တန်း ကျောင်းရှိပြီး ပတ်ဝန်းကျင်ကျေးရွာအုပ်စု (၄)အုပ်စုနဲ့ လူဦးရေ (၄၀၀၀)ခန့် နေထိုင်လျက်ရှိပါတယ်။ အနီးဆုံး ကျေးလက်ကျန်းမာရေးဌာနခွဲမှာ သပြေဆိပ်ကျေးရွာ၌တည်ရှိပြီး ထိုကျေးရွာမှာ အိမ်ခြေ(၅၀) ခန့်သာရှိတဲ့အတွက် ကျန်းမာရေးဝန်ထမ်းများ နေရေး၊ ထိုင်ရေးခက်ခဲရာ စေတောင်ကျေးရွာမှာသာ အခြေပြုနေထိုင်ကြရပါတယ်။

ပင်မကျေးလက်ကျန်းမာရေးဌာနကတော့ စေတီတောင်ကျေးရွာ၌ တည်ရှိပြီး ရေလမ်း (၅)မိုင်ခန့် ကွာဝေးပါတယ်။ စေတီတောင်မှာ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ထားရှိပါတယ်။ စေတီတောင် ကျေးလက်ကျန်းမာရေးဌာနလက်အောက်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခုရှိရာ ကျန်းမာရေးဝန်ထမ်း (၁၄)ဦး ခန့်အပ်ထားရှိပါတယ်။ စေတီတောင် ကျေးလက်ကျန်းမာရေးဌာနလက်အောက်မှာ ကျေးရွာပေါင်း (၄၈)ရွာနှင့် လူဦးရေ(၄)သောင်းကျော်ခန့် များပြားနေပါတယ်။ လူဦးရေများပြားနေတာဟာ ဘင်္ဂါလီ ကျေးရွာတွေကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူဦးရေထူထပ်မှု၊ ကျေးရွာများပြားမှု လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု တွေကြောင့် တာဝန်ကျဝန်ထမ်းများဟာ လုပ်ငန်းခွင် နိုင်နင်းမှုထက်ပိုပြီး အလုပ်လုပ်ကြရပါတယ်။ ဆေးဝါးလုံလောက်မှုမရှိတာနဲ့လည်း ရင်ဆိုင်ကြရပါတယ်။ သို့ဖြစ်ပါ၍ ဘူးသီးတောင်မြို့နယ် အရှေ့ တောင်ဘက် ကျေးရွာတွေမှာ လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ စေတောင်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ဌာနခွဲတစ်ခု ဖွင့်လှစ် ပေးဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ရေဝန်းနှင့် ဒါးရယ်ကောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနတို့တွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခ)ဒေါ်အုန်းကြည် က မန္တလေးတိုင်းဒေသကြီး၊ မြစ်သား မြို့နယ်၊ ရေဝန်းနှင့် ဒါးရယ်ကောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနတို့တွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ဖော်ပြပါမေးခွန်းကို မေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရစေရန်နှင့် ကျန်းမာရေးဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ဖော်ပြပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

မြစ်သားမြို့နယ်၊ ရေဝန်းကျေးရွာအုပ်စုမှာရှိတဲ့ ရေဝန်း ကျေးလက်ကျန်းမာရေးဌာနမှာ ကျန်းမာရေးဝန်ထမ်း(၁)ဦး၊ သူနာပြု(၁)ဦး၊ သားဖွားဆရာမ(၂)ဦး၊ ကြီးကြပ်ရေးမှူး(၂)ဦး၊ အစောင့် (၂)ဦး စုစုပေါင်း(၇)ဦး ဝန်ထမ်းအင်အားရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခုဟာ ရွာပေါင်း (၃၈)ရွာ၊ လူဦးရေ (၂၄၀၇၇)ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေကို တာဝန်ယူ ဆောင်ရွက်ပေး နေရပါတယ်။ ဒါးရယ်ကောင်း ကျေးလက်ကျန်းမာရေးဌာနမှာလည်း ဝန်ထမ်းအင်အား လုံလောက်မှု ရှိပြီးတော့ ကျေးရွာ(၂၇)ရွာ၊ လူဦးရေ(၂၄၁၇၈)ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ၁၀ - ၇ - ၂၀၁၈ ရက်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရယ်၊ မြို့နယ်ဆေးရုံအုပ်ကြီးတွေက ကျွန်မတို့ ရေဝန်းကျေးလက်ကျန်းမာရေးဌာနနဲ့ ဒါးရယ်ကောင်းကျေးလက်ကျန်းမာရေးဌာနကို သွားပြီးတော့ ကွင်းဆင်းကြည့်ရှုပြီးတော့ ဝန်ထမ်းတွေနဲ့ တွေ့ပါတယ်။ အဲဒီလိုတွေ့တဲ့အခါမှာ ရေဝန်းကျေးလက်ကျန်းမာရေးဌာနက ဝန်ထမ်းတွေက သူတို့တာဝန်ကျတဲ့ရွာမှာ အိမ်ငှားနေပြီးတော့ ဒါးရယ်ကောင်း ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းတစ်ဦးကတော့ ဒီဆေးခန်းများမှာ အခန်းတစ်ခန်း ဖွဲ့နေပါတယ်ရှင်။ နောက်ပြီးတော့ ဟောင်းနွမ်းပြီးတော့ လုံခြုံမှုမရှိတဲ့ အဆောက်အအုံမှာလည်း ဝန်ထမ်း(၂)ဦးက နေ နေတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ဝန်ထမ်းတွေဟာဆိုလို့ရှိရင် အရေးပေါ်မွေးတဲ့ လူနာရောက်လာလို့ရှိရင် သူတို့မှာ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ မပေးနိုင်ပါဘူး။ ဆေးခန်းနဲ့ သားဖွားခန်းများကိုလည်း အဆင်ပြေသလို ဆောင်ရွက်နေကြရပါတယ်။ ကျွန်မတို့ ဒီဝန်ထမ်းတွေ

ကိုသာ ဝန်ထမ်းအိမ်ရာ ဆောက်ပေးလိုက်မယ်ဆိုရင် ကျေးလက်ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်းအိမ်ရာများ လိုအပ်နေပါတယ်။ ရေဝန်း ကျေးလက်ကျန်းမာရေးဌာနရဲ့ အကျယ်အဝန်းကတော့ (၁.၁၈)ဧက ရှိပြီးတော့ ဒါးရယ်ကောင်းကျေးလက် ကျန်းမာရေးဌာနကတော့ မြေအကျယ်အဝန်းက (၁)ဧကကျော်ရှိတဲ့အတွက် ဝန်ထမ်းအိမ်ရာဆောက်ဖို့ လုံလောက်တဲ့ မြေအကျယ်အဝန်းရှိပါတယ်။

ထို့ကြောင့် မိမိ၏မဲဆန္ဒနယ်အတွင်းရှိ ကျေးလက်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရစေရန်နှင့် ကျန်းမာရေးဝန်ထမ်းများ လုံခြုံစွာ နေထိုင်နိုင်ရန်အတွက် ဒေသခံပြည်သူများ ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ရေဝန်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဒါးရယ်ကောင်းကျေးလက်ကျန်းမာရေးဌာနတို့တွင် လိုအပ်လျက် ရှိသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(၁၀-၇-၂၀၁၈)ရက်နေ့ မြစ်သားမြို့နယ်၊ ရေဝန်း ဝန်ထမ်းအိမ်ရာအတွက် မြေနေရာကြည့်ရှုနေပုံ (၀၀)



(၁၀-၇-၂၀၁၈)ရက်နေ့ မြစ်သားမြို့နယ်၊ ဒါးရယ်ကောင်း ကျေးလက်ကျန်းမာရေးဌာနသို့ ကွင်းဆင်းကြည့်ရှုနေပုံ (ဂဂ-၁)




ဝန်ထမ်း နှစ်ဦးနေသည့် လက်ရှိအဆောက်အအုံနှင့် မြေနေရာအကျယ်အဝန်းအား ကွင်းဆင်းကြည့်နေပုံ (ဂဂ-၂)




**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းက အရမ်းလည်း အရေးကြီးတဲ့အတွက်၊ အချိန် (၅)မိနစ်ထက် ပိုကုန်မှာဖြစ်တဲ့အတွက် ခွင့်ပြုပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ဒီ ဆေးတက္ကသိုလ်ဝင်ခွင့်ကို ယောကျာ်း၊ မိန်းမခွဲခြားလျက် (၅၀)ရာခိုင်နှုန်းစီ သတ်မှတ်ခြင်းကို ပယ်ဖျက်၍ ရရှိသောအမှတ်အလိုက် အစဉ်အတိုင်း ဝင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဖြေကြားရမယ်ဆိုရင်တော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အရင်တုန်းကတော့ ဆေးပညာသိပ္ပံလို့ ခေါ်ပါတယ်။ ဆေးတက္ကသိုလ်များသို့ ဝင်ရောက်သင်ကြားခွင့်နဲ့ ပတ်သက်ပြီး ၁၉၆၄ ခုနှစ်ကစပြီးတော့ ယခင်က စနစ်သစ်ပညာရေးမူအရ အခြေခံပညာအထက်တန်းမှာ သိပ္ပံတွဲဖြင့် ရတဲ့အောင်မှတ်ကိုလိုက်ပြီးတော့ ကျား/မ လုံးဝမခွဲခြားဘဲနဲ့ ဒီတက္ကသိုလ်ကို တိုက်ရိုက်ဝင်ခွင့်ပေးပါတယ်။ အဲဒီအချိန်က လုံးဝမခွဲခဲ့ပါဘူး။ ဒါပေမဲ့ ၁၉၇၈ ခုနှစ်ကနေ ၁၉၈၁ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာနမှာ ဒေသကောလိပ်တွေ စဖွင့်တဲ့အခါကျတော့ ဆယ်တန်းအမှတ်တစ်ခုတည်းနဲ့ မလုပ်ဘဲနဲ့ ဆယ်တန်းအမှတ်ရယ်၊ ဒေသကောလိပ် ပထမနှစ်၊ ဒုတိယနှစ်တွေကို ပေါင်းပြီးတော့မှ ကျွန်တော် ဝင်ခွင့်ပေးပါတယ်။ ဝင်ခွင့်ပေးတဲ့အခါမှာလည်း ကျွန်တော် ယောကျာ်း၊ မိန်းမ မခွဲခြားပါဘူး။ အမှတ်များတဲ့လူ ဝင်ခွင့်ရပါတယ်။ အမှတ်နည်းတဲ့လူ မရပါဘူး။

တစ်ဖန် ၁၉၈၂ ခုနှစ်ကနေပြီးတော့ ၁၉၉၉ ခုနှစ်အထိ ကျား၊ မ အချိုးအစား ခွဲခြားမှု မရှိဘဲနဲ့ စုစုပေါင်း ဆယ်တန်းရမှတ်ပေါ်မူတည်ပြီး ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပေးခဲ့ပါတယ်။ အဲဒီလိုဝင်ခွင့်ပေးတဲ့အခါမှာ၊ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာ ၁၉၈၇ ခုနှစ်ကစပြီးတော့ ၁၉၉၉ ခုနှစ်အထိ ဘယ်လိုဖြစ်လာသလဲဆိုတော့ ၁၉၈၇ ခုနှစ်မှာ ယောကျာ်းက (၄၀)ရာခိုင်နှုန်းဖြစ်သွားတယ်။ မိန်းမက (၆၀)ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်ကျတော့ ယောကျာ်းက ထပ်ကျသွားပါတယ်။ (၃၆.၇)ရာခိုင်နှုန်း၊ မိန်းမက တက်သွားပါတယ်။ (၆၃.၃)ရာခိုင်နှုန်း ဖြစ်သွားတယ်။ အဲဒီတော့ ထိုအချိန်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူများမှာလည်း အမျိုးသမီးဆရာဝန်ဦးရေ များပြားနေပြီးတော့ အမျိုးသားဆရာဝန်နည်းပါးနေခြင်းကြောင့် ဝေးလံခေါင်ဖျားဒေသကိုသွားဖို့ဆိုရင် ကျွန်တော်တို့ ပြဿနာအများကြီး ရှိပါတယ်။ အဲဒီအခက်အခဲကို ကြုံတွေ့ရပါတယ်။

အဲဒီအခက်အခဲတွေကို ၁၉၉၉ - ၂၀၀၀ ခုနှစ်မှာ တွေ့တဲ့အခါမှာ ကျွန်တော်တို့ အဲဒီတုန်းကတော့ ဆေးပညာ၊ ဆေးသိပ္ပံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ရယ်၊ တက္ကသိုလ်ပါမောက္ခချုပ်ရယ်၊ တက္ကသိုလ်ပါမောက္ခတွေက အစည်းအဝေး အကြိမ်ကြိမ်ခေါ်ပြီးတော့ ဒီကိစ္စကို ကျား၊ မ ခွဲခြားမှု ရှိ/မရှိ

ကိစ္စနှင့် ပတ်သက်ပြီး ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်ကို ယောကျ်ား (၆၀)ရာခိုင်နှုန်း၊ မိန်းမ (၄၀)ရာခိုင်နှုန်း အချိုးဖြင့် ခေါ်ပါတယ်။ ခေါ်တဲ့အခါမှာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှာ ကျောင်းသား (၂၀၀၀)ဦး ခေါ်ပါတယ်။ ၂၀၀၁ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် ကျတဲ့အခါကျတော့ (၂၄၀၀)ဦးအထိ ကျွန်တော်တို့ တိုးခေါ်လိုက်တာ တွေ့ရတယ်။ ကျောင်းသား အရမ်းများသွားပါတယ်။ အားလုံး လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိတဲ့အတိုင်း ကျောင်းသား အရမ်းများသွားတဲ့အခါမှာ မနိုင်နင်းပါဘူး။ ဆရာအင်အားက တက်မလာဘူး။ ကျောင်းသားက အရမ်းများ၊ တစ်တန်း၊ တစ်တန်းမှာ (၈၀၀)၊ (၇၀၀)တွေ ဖြစ်တဲ့အခါကျတော့ မနိုင်မနင်းဖြစ်တဲ့အတွက် ဆေးတက္ကသိုလ်သင်ကြားရေးမှာ Quality Education အရည်အသွေးပြည့်မီသော ဆရာဝန်များ ထွက်ပေါ်လာဖို့ကို အများကြီး အနှောင့်အတား ဖြစ်စေပါတယ်။ အဲဒါတွေကို တွေ့ခဲ့ရပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ အဲဒီအချိန်မှာ (၂၄၀၀)ဦး ဖြစ်ပြီးတော့ ကျွန်တော့်မှာ စာရင်းဇယား အတိအကျ ရှိပါတယ်။ နှစ်စဉ်အလိုက်၊ နှစ်စဉ်အလိုက် စာရင်းဇယားတွေနဲ့ အတိအကျ ဘယ်လို တက်လာသလဲ။ ဘယ်လိုကျသွားသလဲရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆက်ကြည့်တဲ့အခါမှာ အမျိုးသား(၆၀)ရာခိုင်နှုန်း၊ အမျိုးသမီး (၄၀)ရာခိုင်နှုန်းကိုသာ သတ်မှတ်ပြီးတော့ ဆေးတက္ကသိုလ် ဝင်ခွင့်ရတဲ့အတွက် မိန်းကလေးရဲ့ အနိမ့်ဆုံးရမှတ်နဲ့ ယောကျ်ားလေးရဲ့ အနိမ့်ဆုံးရမှတ်က ကွာနေတာကို တွေ့ရပါတယ်။ အဲဒီတော့ ဘာသွားတွေ့သလဲဆိုတော့ ဉာဏ်အရည်အသွေး တော်တော်ကွာတဲ့အခါမှာ သင်ကြားရေးမှာ ဆရာတွေအနေနဲ့လည်း တော်တော်အခက်အခဲ ဖြစ်တာကို သွားတွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့တွေက ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုပြီးတော့ လုပ်တဲ့အခါမှာ ကျွန်တော်တို့ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နဲ့ တက္ကသိုလ်ပါမောက္ခချုပ်များ ညှိနှိုင်းပြီးတော့ ဒီတက္ကသိုလ်များမှာ အရည်အချင်းပြည့်မီအောင် သင်ကြားနိုင်ရန်နှင့် အရည်အသွေး ပြည့်ဝသောဆရာဝန်များ မွေးထုတ်ပေးရန် အကြိမ်ကြိမ် ဆွေးနွေးပါတယ်။ အကျေအလည် ဆွေးနွေးပါတယ်။ ဆွေးနွေးတာနဲ့မရဘူး။ မရဘူးဆိုတာက အကြိမ်ကြိမ်ဆွေးနွေးပြီး ထွက်ပေါ်လာတာကို ပိုပြီးတော့ ကျယ်ပြန့်အောင်ဆွေးနွေးနိုင်ဖို့ဆိုပြီးတော့ ၂၀၁၁ ခုနှစ်မှာ (၉)ကြိမ်မြောက် National Medical Education Seminar ပေါ့။ ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို လုပ်ပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲမှာ ပါမောက္ခချုပ်တွေ အကုန်ပါတယ်။ ပါမောက္ခချုပ်၊ ဌာနမှူး၊ ပါမောက္ခဌာနမှူး၊ ပါမောက္ခတွေပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်က ညွှန်ကြားရေးမှူးချုပ်ကအစ၊ လက်ထောက်ညွှန်ကြားရေးမှူးအထိ အကုန်လုံးပညာရှင်တွေပါတယ်။ အရင်ပင်စင်ယူသွားတဲ့ ပါမောက္ခတွေလည်း အကုန် ပါ ပါတယ်။ အဲဒါကို ပြန်လည်သုံးသပ်ပြီးတော့ ကျွန်တော် အဲဒီအစည်းအဝေးမှာက ဆုံးဖြတ်လိုက်တာပါ။ ဒီလိုဆုံးဖြတ်တာလည်း ကျွန်တော်တစ်ယောက်တည်း ဆုံးဖြတ်လို့မရပါဘူး။ အရင်ခေတ်က ဝန်ကြီးတစ်ယောက်တည်းလည်း ဆုံးဖြတ်လို့ မရပါဘူး။ အဲဒီမှာ ဘယ်လိုဆုံးဖြတ်လဲ ဆိုတော့ ကျောင်းသားဦးရေကို ယောကျ်ား (၅၀)ရာခိုင်နှုန်း၊ အမျိုးသမီး(၅၀)ရာခိုင်နှုန်း အချိုးတူညီစွာ ဖြစ်တဲ့အပြင် (၂၄၀၀)ဦးကနေပြီးတော့ (၁၂၀၀)ဦးကို လျှော့ချလိုက်ပါတယ်။ (၂၄၀၀)ဦးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ Quality မရှိတဲ့ဟာတွေဖြစ်နေမယ်။ Quality ရှိတဲ့ ဆရာဝန်တွေ ထွက်ဖို့

ပြည်သူတွေကို ပါဝင်ကူသနိုင်အောင် ရည်ရွယ်ပြီးဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော် အရမ်းမလုပ်ပါဘူးခင်ဗျား။

ဒါကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးအစည်းအဝေး (၁၄/၂၀၁၁) မှာ ဆွေးနွေးတယ်။ တက္ကသိုလ်များ ဗဟိုကောင်စီ (၁/၂၀၁၂) မှာ ထောက်ခံသဘောတူပြီးတော့ နိုင်ငံတော်သမ္မတရုံးကို တင်ပါတယ်။ စာအမှတ် ၆၀(၁)/၇/သမ္မတရုံးနှင့် ၂၄ - ၂ - ၂၀၁၇ ခုနှစ်မှာ အတည်ပြုခဲ့ပါတယ်။ အဲဒါကြောင့် ဒီအားလုံးကို အဆင့်ဆင့်လုပ်ပြီးမှ (၅၀)၊ (၅၀) ဆိုတာကို ကျွန်တော်တို့ လုပ်ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ်ကစပြီး ယနေ့အချိန်အထိ ဆေးတက္ကသိုလ်များတွင် ကျား (၅၀)၊ မ (၅၀) ဖြစ်နေခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအချိုးတူညီစွာ ဝင်ခွင့်ရတဲ့အတွက်က ယောကျ်ားနှင့် မိန်းကလေး တက္ကသိုလ်ဝင်ခွင့် ကွာခြားချက်ကတော့ တဖြည်းဖြည်း လျော့လာတာ။ အရင်တုန်းက (၃၀)ရာခိုင်နှုန်းကွာရာကနေပြီးတော့ အခု (၁၀)မှတ်က (၁၅)မှတ် အတွင်းမှာပဲ ကွာတဲ့အတွက် သင်ကြားရေးမှာလည်း များစွာ အထောက်အကူပြုပါတယ်။

သို့သော် ဒီကိစ္စဟာ ဆေးကျောင်းဖြစ်ပါတယ်။ အခြားတက္ကသိုလ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့ တက္ကသိုလ်မှာ လုပ်ငန်းရဲ့ သဘောသဘာဝအရဆိုလို့ရှိရင် သွားဘက်ဆိုင်ရာ ဆေးကောလိပ်မှာဆိုရင် ယောကျ်ား (၆၀)ရာခိုင်နှုန်း ယူပါတယ်။ အမျိုးသမီး (၄၀)ရာခိုင်နှုန်း ရှိပါတယ်။ သူနာပြုမှာကျတော့ ယောကျ်ားက (၁၀)ရာခိုင်နှုန်းပဲ ယူပါတယ်။ အမျိုးသမီး (၉၀)ရာခိုင်နှုန်း ယူပါတယ်။ ကျွန်တော်တို့ University of Communicate အခြေခံကျန်းမာရေးတက္ကသိုလ်မှာကျတော့ အမျိုးသားက (၈၀)ရာခိုင်နှုန်းယူပါတယ်။ အမျိုးသမီး (၂၀)ရာခိုင်နှုန်း ယူပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆေးဝါး University of Community Health ဆေးဘက် University of Medical test မှာကျတော့ ယောကျ်ား၊ မိန်းမ ရာခိုင်နှုန်းကို မထားပါဘူး။ အမှတ်များတဲ့သူ ဝင်ခွင့်ပေးပါတယ်။ ဒါကတော့ လုပ်ငန်းသဘောသဘာဝအရ ကျွန်တော့်အောက်မှာရှိတဲ့ ဆေးကျောင်းတွေ ပြန်ကြည့်တဲ့အခါမှာ သင်ကြားရေးဆရာတွေအနေနဲ့ကတော့ အမျိုးသမီးနဲ့ အမျိုးသားက ၂၉း၇၁ ရာခိုင်နှုန်း၊ အမျိုးသမီးတွေများပါတယ်။

သို့သော်လည်း ကျွန်တော်တို့အနေနဲ့က ဒီမှာပြန်ကြည့်တဲ့အခါမှာ နယ်တွေမှာ သွားကြည့်တဲ့အခါမှာတော့ မိန်းကလေးက နည်းပြီးတော့၊ အမျိုးသားတွေက အရမ်းများပါတယ်။ ပြည်နယ်တွေမှာဆိုလို့ရှိရင်၊ အမျိုးသားတွေပဲ ခက်ခဲဝေးလံတဲ့ဒေသမှာ ထမ်းဆောင်လျက်ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ မလောက်သေးပါဘူး။ အများကြီးဆက်လက်ပြီးတော့ ထမ်းဆောင်ဖို့လိုပါတယ်။ ဥပမာဆိုရင် ကချင်ပြည်နယ်မှာဆိုရင် အမျိုးသား (၆၄)ရာခိုင်နှုန်း၊ အမျိုးသမီး (၃၆)ရာခိုင်နှုန်း လုပ်ပါတယ်။ ကရင်ပြည်နယ်မှာ အမျိုးသား (၆၀)ရာခိုင်နှုန်း၊ အမျိုးသမီး (၄၄)ရာခိုင်နှုန်း၊ ချင်းပြည်နယ်မှာဆိုရင် အမျိုးသား (၆၂)ရာခိုင်နှုန်း၊ အမျိုးသမီး (၃၈)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ အမျိုးသား (၆၅)ရာခိုင်နှုန်း၊ အမျိုးသမီး (၃၅)ရာခိုင်နှုန်း လုပ်ပါတယ်။ ရှမ်း(မြောက်)မှာဆိုလို့ရှိရင် အမျိုးသား (၆၀)ရာခိုင်နှုန်း၊ အမျိုးသမီး (၄၀)ရာခိုင်နှုန်း လုပ်ပါတယ်။ ရှမ်း(အရှေ့)မှာ အမျိုးသား (၆၂)ရာခိုင်နှုန်း၊ အမျိုးသမီး (၃၈)ရာခိုင်နှုန်း ဆိုလိုတာက ဒီလို ခက်ခဲတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ လူအများစုက အမျိုးသားများဖြစ်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။

အဲဒီတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျွန်တော်တို့ ဒီဝန်ထမ်းများ အားလုံးကို သုံးသပ်တဲ့အခါမှာ အကြမ်းအားဖြင့်တော့ ယောကျ်ားနှင့်မိန်းမ၊ အချိုးကတော့ ၄၅း၅၅ ရာခိုင်နှုန်း တာဝန်ထမ်းဆောင်လျက်ရှိတာကို တွေ့ရပါတယ်။ ကျွန်တော်တို့မှာ လုပ်ငန်းလိုအပ်ချက် ကလည်း ဆရာဝန်တွေအများကြီး လိုနေပါသေးတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် ဝေးလံခေါင်ဖျားဒေသများသို့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ များကို တာဝန်ထမ်းဆောင်စေဖို့ကတော့ ကျွန်တော်တို့အနေနဲ့ကတော့ အမှန်အတိုင်းပြောရရင်တော့ အမျိုးသားများ ပိုလိုနေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အခု လောလောဆယ်မှာတော့ ကျွန်တော်တို့ လိုနေတာတွေ့ရပါတယ်။ တာဝန်ထမ်းဆောင်မည့် အမျိုးသား၊ အမျိုးသမီးဦးရေမျှတမှု ရှိပြီး ဝေးလံခေါင်ဖျားသောဒေသများသို့ စေလွှတ်တာဝန်ပေးတဲ့အခါမှာလည်း ပိုပြီးအဆင်ပြေမှာဖြစ် ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့က ဝေးလံခေါင်ဖျားကို ပိုပြီးတော့ အဆင်ပြေဖို့ဆိုပြီး ယခင်က ၂၀၁၆ ခုနှစ်၊ အရင်တုန်းက ဝေးလံခက်ခဲတဲ့ဒေသဖြစ်တဲ့ သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နာဂ၊ ဓနု၊ ပလောင်၊ ကိုးကန့်၊ ဝ အစ ရှိသည့် (၆)နေရာက ဟာတွေကိုတော့ ကျွန်တော်တို့က အားလုံးတက်ခွင့်ရတဲ့ ဆရာဝန်အားလုံးရဲ့ (၃)ရာခိုင်နှုန်း ပေးရာက နေပြီးတော့ (၆)ရာခိုင်နှုန်းအထိ တိုးလိုက်ပါတယ်။ ဒီနှစ်မှာလည်း အမှတ်တွေ သိပ်ပြီးတော့ မကျဘူး ဆိုရင် (၆)ရာခိုင်နှုန်းအထက်အထိ ကျွန်တော်တို့ ပေးဖို့ ရည်ရွယ်ထားပါတယ်။ အဲဒါမှာ လိုအပ်တဲ့ ဆရာဝန်တွေရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာ တင်ပြချင်တာကတော့ အဲဒီလို ခက်ခဲဒေသ တွေက လူတွေက ဒီနှစ်မှာဆိုရင် နောက်ဆုံးနှစ်အပိုင်း (ခ)ကို ရောက်ပါပြီ။ ဒီနှစ်မှာ ထွက်မှာပါ။ ထွက်ရင် နောက်နှစ် အလုပ်သင်ဆရာဝန်ပြီးရင် အလုပ်စဝင်တော့မှာပါ။ အဲဒီတော့ (၂၄)ဦး ထွက်ပေါ် လာမှာ ဖြစ်ပါတယ်။

လောလောဆယ်ခက်ခဲတဲ့ဒေသက တက်တဲ့ဆရာဝန်၊ ဆေးကျောင်းသားစုစုပေါင်း(၃၀၉) ဦး ရှိပါတယ် ခင်ဗျား။ လောလောဆယ်။ ဒီ (၃၀၉)ဦး ထွက်လာရင်တော့ ကျွန်တော်တို့ ခက်ခဲတဲ့ဒေသကို သူတို့ရဲ့ မူလစာချုပ်အရ သူတို့က လုံးဝ တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ ဒီမှာဖြေကြားရမယ်ဆိုရင်တော့ လောလောဆယ် လတ်တလောတော့ ပြင်ဆင်ရန်တော့ အစီအစဉ် မရှိသေးပါဘူး။ အကယ်၍ ပြင်ဆင်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ဒီ ပါမောက္ခချုပ် တွေ၊ ပါမောက္ခတွေနဲ့ အကုန်လုံးညှိနှိုင်းမယ်။ ပါမောက္ခချုပ်တွေနဲ့ ညှိနှိုင်းလုပ်မယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန EC တင်မယ်။ တင်ပြီးမှ အစိုးရအဖွဲ့ရုံးကို တင်ပြီးမှ ဒါပြောင်းဖို့ သင့်တယ်ဆိုရင် ကျွန်တော်တို့ ပြောင်းမှာပါ။ ဒီဆုံးဖြတ်ချက်ကို ကျွန်တော် တစ်ယောက်တည်း ဆုံးဖြတ်လို့ မရပါဘူး။

ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ ဒီကိစ္စတွေကို အသင့်အတင့် အဆင်ပြေ စေဖို့ကတော့ ကျွန်တော်တို့ ပုဂ္ဂလိကဆေးကျောင်းတွေ၊ ပုဂ္ဂလိက သူနာပြုကျောင်းတွေဖွင့်ဖို့ တာစူ နေပါတယ်။ ကျွန်တော်တို့ကို အများကြီးလာတွေ့နေပါတယ်။ အဆင်သင့်ဖြစ်နေတဲ့အခါကျတော့၊ သို့သော် သူတို့ပြောတာကတော့ Higher Education Law တစ်ခုက မထွက်သေးဘူး ပြောပါတယ်။ အဲဒီက ထွက်လာရင် ဒါကိုလုပ်လို့ရပါတယ်။ အခု ဒီနေရာမှာ ကျွန်တော် တစ်ဆက်တည်း တင်ပြချင်

တာက အခုလောလောဆယ် Policy က ဒီနှစ်အောင်တဲ့သူ၊ အသက်မွေးဝမ်းကျောင်းမှာ တက်ခွင့်ရသူသည် ဒီနှစ်အောင်ရင် ဒီနှစ်တက်ရမယ်။ နောက်နှစ်ကို စောင့်လို့မရဘူး ခင်ဗျား။ ဒီနှစ် အောင်တဲ့သူ နောက်နှစ်ခေါ်တဲ့ ဆေးကျောင်းကိုလျှောက်လို့မရဘူး။

အကယ်၍သာ ဒီပုဂ္ဂလိကကျောင်းတွေပါလာလို့ရှိရင် သူတို့အနေနဲ့ မနှစ်က ဆယ်တန်းအောင်တဲ့သူလည်း ခေါ်လို့ရပါတယ်။ ဒါက တဖြည်းဖြည်း လုပ်ယူရမှာ။ ကျွန်တော်တို့က အချိန်အခါအရ ပြောင်းသင့်တာကို ပြောင်းရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် အကုန်လုံးအဆင်ပြေမှာ။ ကျွန်တော့်အနေနဲ့ ဒီလူငယ်လေးတွေရဲ့ ရည်မှန်းချက်ကို ရိုက်ချိုးခြင်းလည်း မလုပ်ချင်ပါဘူး။ သူတို့မှာ ဒီလောက်စာကြိုးစားပြီးတော့ ဖြစ်စေချင်ပါတယ်။ ကျွန်တော်ကလည်း ပိုပြီးခေါ်လို့မရလဲဆိုတာက ကျွန်တော်တို့မှာ သင်ကြားရေးမှာ အရမ်း အရည်အသွေးကျသွားမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အဲဒီလိုတင်ပြခြင်းဖြစ်ပါတယ်။ ဒီလိုအကယ်၍ ပုဂ္ဂလိကကျောင်းတွေဖွင့်မယ်ဆိုရင် ကျွန်တော်တို့ Myanmar Medical Council မှာလည်း Accreditation လုပ်မယ့်ဟာတွေ အဆင်သင့်ရှိပါတယ်။ အဲဒါလုပ်ပြီးလို့ရှိရင် စဖွင့်လို့ရပါပြီ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားချင်တာကတော့ ဒီ ပုဂ္ဂလိက ကျောင်းများ၊ ဆေးကျောင်းများ၊ သူနာပြုကျောင်းများနှင့် အခြားကျောင်းများ ဖွင့်လှစ်ဖို့ကို မြန်ဆန်စေရေးအတွက် တတ်နိုင်တဲ့အပိုင်းကနေပြီးတော့ ဝိုင်းဝန်းပံ့ပိုးစေချင်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးမောင်ကျော်ဇံ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အရှေ့တောင်ဘက် စေတောင်ကျေးရွာအုပ်စု၊ စေတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ပေးတဲ့မေးခွန်းမှာ ကျေးလက်ကျန်းမာရေးဌာန၊ Rural Health center ဆိုတဲ့မေးခွန်းပဲ ကျွန်တော် မေးထားပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ဌာနခွဲဆိုပြီးတော့မေးတဲ့အတွက် ကျွန်တော် ဒုတိယမေးခွန်းကိုတော့ ကျွန်တော်ဖြေလို့မရပါဘူး။ ကျွန်တော်တို့ မေးထားတဲ့မေးခွန်းကိုပဲ ကျွန်တော်ဖြေမှာ။ မေးထားတဲ့မေးခွန်းမှာ ဆိုလိုတာက ကျေးလက်ကျန်းမာရေးဌာန၊ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ဌာနခွဲလို့ အခုမှ ကျွန်တော့်ကို မေးပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ပထမမေးခွန်းဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာနကို ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှာ ကျေးရွာပေါင်း (၃၉၁)ရွာ၊ ရပ်ကွက် (၇)ကွက်၊ အိမ်ခြေသုံးသောင်းကျော်လေး၊ လူဦးရေ နှစ်သိန်းလောက်ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက်လည်း တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၂)ခု၊ မိခင်နှင့်ကလေးကျန်းမာရေး(၁)ခုနဲ့ တာဝန်ထမ်းဆောင်ပေးတဲ့ ကျွန်တော်တို့ ဝန်ထမ်းကတော့ လက်ထောက်ကျန်းမာရေးမှူး(၄)ဦး၊ မြို့နယ်အဆင့် သူနာပြု(၁)ဦး၊ ကျန်းမာရေးကြီးကြပ်(၄)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၄)ဦး၊ သားဖွားဆရာမ(၄၃)ဦး၊ ကျန်းမာရေးကြီးကြပ်(၃၄)ဦးနဲ့ ကျွန်တော်တို့ ကျန်းမာရေးကို ဆောင်ရွက်ပေးတာ။ တောင်းဆိုထားသော စေတောင်

ကျေးရွာ၊ မေးခွန်းမှာပါတဲ့ စေတောင်ကျေးရွာဟာ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးလက်ကျန်းမာရေးဌာနအောက် သပြေဆိပ်ကျေးလက်ကျန်းမာရေးဌာန Sub center အောက်မှာရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီစေတောင်ကို ကျေးလက်ကျန်းမာရေးဌာန ပေးသင့်/မပေးသင့်ဆိုရင် ကျွန်တော်တို့က Criteria (၅)ခု ရှိပါတယ်။ အဲဒီ Criteria (၅)မှာ တစ်ခုပဲ မှန်ပါတယ်။ ကျန်တဲ့ (၄)ခုက လုံးဝမရှိပါဘူး။ ဆိုလိုတာက စေတောင်ကျေးရွာသည် အမှန်အားဖြင့် ကျေးရွာ(၃)ရွာ ပဲ ရှိပါတယ်။ RHC လိုချင်လျှင် ကျေးရွာအုပ်စု(၁၀)စုကနေပြီးတော့ (၁၅)စုအထိ သွားလာ လုပ်ကိုင်နေရသော နေရာ ဖြစ်ရမယ်။ ထို့အပြင် RHC ပေါ့။ ကျေးလက်ကျန်းမာရေးဌာနတောင်းမယ်ဆိုလို့ရှိရင် လူဦးရေ တစ်သောင်းကနေ တစ်သောင်းငါးထောင်အတွင်း ရှိရမယ်။ သို့သော် စေတောင်မှာက လူဦးရေ (၂၃၀၀)ပဲ ရှိပါတယ်။ ဒီကိစ္စတွေကလည်း အခက်အခဲဒေသတွေဆိုရင်တော့ ကျွန်တော်တို့ လျှော့ပြီး စဉ်းစားပေးပါတယ် ခင်ဗျား။ စတုတ္ထ Criteria ဖြစ်တဲ့ အနီးအနားကျေးရွာများမှာ ယင်းကျေးရွာသို့ သွားလာမှုလွယ်ကူရေး၊ ဗဟိုအချက်အချာကျပြီး တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံနှင့် လူနာများ ထပ်ဆင့်ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှုရှိခြင်းကို ကြည့်တဲ့အခါမှာ ဗဟို အချက်အချာမရှိပါဘူး။ အောက်ဘက်ကို ရောက်နေတာ တွေ့ရပါတယ်။

နောက်ပြီးတော့ အကယ်၍ ကျေးလက်ကျန်းမာရေးဌာန ဖွင့်မယ်ဆိုရင် မူလရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲကို များသောအားဖြင့် ကျေးလက်ကျန်းမာရေးဌာန တင်ပါတယ်။ ဒီနေရာမှာ စေတောင်သည် ကျေးလက်ကျန်းမာရေးဌာနခွဲ မဟုတ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပေးလို့မရပါဘူး။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုတဲ့ ဌာနခွဲအနေနဲ့ကတော့ ဒီလွှတ်တော်မှာ ကျွန်တော်မေးခွန်းမဖြေသော်လည်း ကျွန်တော်ပြန်လည်စဉ်းစားသုံးသပ်ပြီးတော့ အတတ်နိုင်ဆုံး ကျွန်တော်ကြည့်ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် ၏ မေးခွန်းဖြစ်တဲ့ မြစ်သားမြို့နယ်၊ ရေဝန်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဒါးရယ်ကောင်း ကျေးလက်ကျန်းမာရေးဌာနတို့၏ ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ပေးခြင်း အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီ မြစ်သားမြို့နယ်၊ ရေဝန်းကျေးလက်ကျန်းမာရေးဌာနနှင့် ဒါးရယ်ကောင်း ကျေးလက်ကျန်းမာရေးဌာန၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုအတွက်က မြေနေရာအလုံအလောက် ရှိပါတယ်။ ပုံစံ(၁၀၅)လည်း ပိုင်ဆိုင်ပြီးဖြစ်တဲ့အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ ကျွန်တော်တို့ ပေးဖို့ စဉ်းစားမယ်။ စဉ်းစားတယ်ဆိုတာက ဘဏ္ဍာငွေဖြတ်တောက်ခြင်း မခံရဘူးဆိုလို့ရှိရင် ဒီနှစ်ခုပါမယ် ဖြစ်ပါတယ်။ ဖြတ်တောက်ရင်တော့ တစ်ခုပါမယ်။ အရမ်းဖြတ်တောက် ရင်တော့ နှစ်ခုစလုံး မပါ ပါဘူး။ မဖြတ်တောက်ဘူးဆိုရင် နှစ်ခုစလုံးကို ကျွန်တော်တို့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော် ထည့်ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ပေါ်(၄)ရပ်ကွက်နှင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီ၌ တောင်ကျရေကြောင့် ရေနစ်မြုပ်မှုဒဏ်ကို ကာကွယ်ပေးရန် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်း ပျက်စီးသွားသော လမ်းတံတားများအား ပြန်လည်တည်ဆောက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦး က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ပေါ်(၄)ရပ်ကွက်နှင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီ၌ တောင်ကျရေကြောင့် ရေနစ်မြုပ်မှုဒဏ်ကို ကာကွယ်ပေးရန် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်း ပျက်စီးသွားသော လမ်းတံတားများအား ပြန်လည်တည်ဆောက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စောချစ်ဦး ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ လှိုင်းဘွဲ့မြို့နယ်ဟာဆိုရင် လှိုင်းဘွဲ့မြို့ မြို့ပေါ်(၄)ရပ်ကွက်၊ ပိုင်ကျုံမြို့ မြို့ပေါ်(၅)ရပ်ကွက်၊ ရှမ်းရွာသစ်မြို့ မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၇၄)အုပ်စု၊ ကျေးရွာပေါင်း(၄၅၆)ရွာ၊ အိမ်ခြေ(၄၅၄၅၃)အိမ်၊ အိမ်ထောင်စု(၄၇၈၆၈)စု၊ လူဦးရေ(၂၇၉၁၄၁)ဦး နေထိုင်လျက်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ မိုးသည်းထန်စွာ ရွာပြီးတော့ တောင်ကျရေစီးဆင်းမှုကြောင့် လှိုင်းဘွဲ့မြို့ပေါ်(၄)ရပ်ကွက်နှင့် အနိမ့်ပိုင်းတွေသာမက တစ်မြို့လုံးရေကြီးနစ်မြုပ်ဒဏ်ကို ခံစားခဲ့ရပါတယ်။ ၎င်းမြို့နယ်အတွင်း ကျေးရွာလည်း ထိုနည်းကဲ့သို့ ခံစားခဲ့ရပါတယ်။ နှစ်စဉ်ရေကြီးနေကျဖြစ်သော်လည်း ၂၂-၇-၂၀၁၈ ရက်နေ့ကစပြီးတော့ (၂)လနီးပါး

ရက်ပေါင်းကြာရှည်နေတဲ့ ရေရဲ့အဓိကအကြောင်းအရင်းကတော့ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စီမံခန့်ခွဲမှု အားနည်းတဲ့အမှားကြောင့် ဖြစ်ပါတယ်။ လှိုင်းဘွဲ့မြို့ကို ဝင်ရောက်မယ့် ရေရဲ့အဓိကထွက်ပေါက် လှိုင်းဘွဲ့ချောင်းကိုရောက်မယ့် သဖန်းချောင်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က ပြန်လည်တူးဖော်တဲ့အချိန်မှာ သဖန်းချောင်းဟာဆိုရင် သက်ဆိုင်ရာဌာနများရဲ့ ကွင်းဆင်းတိုင်းတာမှု ပေါင်းစပ်ခြင်းအားနည်းခြင်းကြောင့် (၁)မိုင်ခန့်တူးဖော်ရန် ကျန်ရှိနေခြင်း ဖြစ်ပါတယ်။ ယခင်ကစီမံချက်နဲ့ ဒေသနဲ့တိုင်ပင်ခြင်းမရှိသောကြောင့် ကမော့ကချူးလယ်ကွင်းမှာရှိတဲ့ လမ်းမြေများဟာ ရေစီးရေလာကောင်းဖို့အတွက် စိတ်ကူးယဉ်ကောင်းပေမယ့်လည်း လယ်မြေများဟာ တူးမြောင်းသာဖြစ်ခဲ့ရပြီး ရေကြီးတဲ့ပြဿနာကို မဖြေရှင်းခဲ့နိုင်ပါဘူး။ ဒါကြောင့် လှိုင်းဘွဲ့မြို့ ရေကြီးဒဏ်ကို ကာကွယ်ဖို့ရှိတဲ့ ကျန်ရှိတဲ့သဖန်းချောင်းကို ဆက်လက်တူးဖော်ရန် လိုအပ်ပါတယ်။ လှိုင်းဘွဲ့မြို့ အနောက်မှာရှိတဲ့ လှိုင်းဘွဲ့ချောင်းဝမှာ လှိုင်းဘွဲ့ချောင်းကိုဝင်ရောက်မယ့် ဇဝချောင်းက ရွာသစ် တူးမြောင်းပေါက်ကို ပြန်လည်တူးဖော်ရန် လိုအပ်ပါတယ်။ သို့မှသာ လှိုင်းဘွဲ့မြို့ပေါ် (၄)ရပ်ကွက်မှာ နေထိုင်တဲ့ အိမ်ခြေ(၁၇၇၀)၊ အိမ်ထောင်စု(၁၉၃၄)စု၊ လူဦးရေ(၁၃၀၇၃)ဦးအတွက် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ပြသခွင့်ပြုပါ။ ဒါက ကျွန်တော်တို့မြို့ရဲ့ ၂၂ ရက်နေ့က ရေကြီးတဲ့၊ တစ်မြို့လုံးနီးပါး မြုပ်ခဲ့တဲ့အနေအထားပါ။ ဒါက မြို့တွင်းလမ်းမပေါ်က ရေဖြတ်သွားတဲ့အနေအထားပါ။ ဒါက ရေကြီးနစ်မြုပ်သွားတဲ့ ကျေးရွာချင်းဆက်လမ်းတွေ၊ မြို့ချင်းဆက် လမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းတွေ ပျက်စီးနေတဲ့အနေအထား ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ရေကြီးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကျောင်းရဲ့ အုတ်တံတိုင်းတွေ၊ ပြီးရင် ကျွန်တော်တို့ ဒေသရဲ့ စပါးတွေ ပျက်စီးနေတဲ့အနေအထား ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အဲဒါကြောင့် ယခုနှစ် တောင်ကျရေကြောင့် လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့ကို ဆက်သွယ်ထားတဲ့ လမ်းတံတားများ၊ ထီလုံ - ကော့ကရိတ် ဆက်သွယ်ထားသော ခရိုင်ချင်းဆက် လမ်းတံတားများ၊ မြို့တွင်း၊ ကျေးရွာချင်းဆက်လမ်းတံတားများ ပျက်စီးခြင်းဖြစ်ပေါ်ခြင်းကြောင့် ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ သို့သော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ပေါ်(၄)ရပ်ကွက်နှင့် ၎င်းမြို့နယ် အတွင်းပိုင်း ကျေးရွာများဖြစ်တဲ့ နှစ်စဉ်နှစ်တိုင်း မိုးရာသီ၌ တောင်ကျရေကြောင့် ရေနစ်မြုပ်ဒဏ်ကို ကာကွယ်ရန် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်း ပျက်စီးသွားသော လမ်းတံတားများအား ပြန်လည်တည်ဆောက်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရေကြီးပြီး တစ်မြို့လုံးနီးပါး မြုပ်ခဲ့တဲ့အနေအထားပြပုံ (ဃဃ)



မြို့တွင်းလမ်းမပေါ်မှ ရေဖြတ်သွားတဲ့အနေအထားပြ မြင်ကွင်းပုံ (ဃဃ-၁)



ရေကြီးနစ်မြုပ်သွားသည့် ကျေးရွာချင်းဆက်လမ်းတွေ၊ မြို့ချင်းဆက်လမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းတွေ ပျက်စီးနေသည့်မြင်ကွင်းပုံ (ဃဃ-၂)




**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ခွါဟရန်ကျေးရွာနှင့် ဟားခါးမြို့နယ်၊ လေပီးကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း (၇)မိုင်ကို ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ခွါဟရန်ကျေးရွာနှင့် ဟားခါးမြို့နယ်၊ လေပီးကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း(၇)မိုင်ကို ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထန်တလန်မြို့နယ်၊ ခွါဟရန်ကျေးရွာနှင့်ဟားခါးမြို့နယ်၊ လေပီးကျေးရွာအကြား ရွာချင်းဆက်လမ်း(၇)မိုင်အား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ်၊ ခွါဟရန်ကျေးရွာနှင့် ဟားခါးမြို့နယ်၊ လေပီးကျေးရွာအကြား ရွာချင်းဆက်လမ်း(၇)မိုင်ကို ကိုယ်ထူကိုယ်ထ လမ်းအကျယ်(၁၀)ပေကိုလူထုလုပ်အားဖြင့် ၁၉၈၃ ခုနှစ်မှစတင်တူးဖော်ပြီး ၁၉၈၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် လေပီးကျေးရွာမှာ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်စုပေါင်း၍ ကားလမ်းဖွင့်ပွဲကို ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီကားလမ်းဟာ အစိုးရအကူအညီမပါဘဲ ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်းများဖြင့် ဖြစ်သလိုတူးဖော်ခဲ့သော လမ်းဖြစ်သည့်အတွက် လမ်းကျဉ်းမြောင်းပြီး အတက်အဆင်း၊ အကွေ့အကောက်များတဲ့အတွက် အန္တရာယ်ရှိသောလမ်း ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ရဲ့ လူမှုဖွံ့ဖြိုးရေးဘဝ နိမ့်ကျရခြင်း၊ တစ်နယ်နှင့်တစ်နယ် ဘာသာစကားကွဲပြားရခြင်းရဲ့ အဓိကအကြောင်းအရင်းဟာ လမ်းပန်းဆက်သွယ်ရေးမရှိခြင်း၊ တစ်နယ်နှင့်တစ်နယ်၊ တစ်ရွာနှင့်တစ်ရွာကူးလူးဆက်ဆံခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း မရှိသောကြောင့်ဖြစ်ကြောင်း ဖော်ပြလိုပါတယ်။ ဒီကနေ့နိုင်ငံတော်အစိုးရဟာ ခေတ်နောက်ကျကျန်ရစ်နေတဲ့ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နယ်ပယ်အသီးသီးမှာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ပေးနေတာကို မျက်ဝါးထင်ထင် တွေ့ရှိရတဲ့အခါမှာနိုင်ငံတော်အစိုးရအပေါ်မှာ ဒေသခံပြည်သူတစ်ရပ်လုံးကိုယ်စား အထူးပင် ကျေးဇူးတင်ကြောင်း ဦးစွာကျွန်တော် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် တင်ပြတဲ့လမ်းဟာ ထန်တလန်မြို့ နှာရိန်းမြို့မှ ခွါဟရန် - လေပီး ကျေးရွာမှတစ်ဆင့် ဟားခါးမြို့သို့လည်းကောင်း၊ နှာရိန်းမြို့၊ ခွါဟရန် - လေပီး - ရေဇွာမှ ဂန့်ဂေါမြို့သို့လည်းကောင်း၊ နှာရိန်းမြို့၊ ခွါဟရန် - လေပီး - ရေဇွာမှ မတူပီမြို့သို့လည်းကောင်းသွားရာလမ်းများဖြစ်ရာ အင်မတန်မှအချက်အချာကျသော လမ်းမကြီးဖြစ်လာမှာ ဖြစ်ပါတယ်။ ဤလမ်းမကြီးကို ဖောက်လုပ်ပေးနိုင်ပါက မြို့နယ်(၄)ခုဆက်သွယ်ထားတဲ့ လမ်းမကြီးဖြစ်၍ ၎င်းဒေသရှိပြည်သူများရဲ့ ရေရှည်အကျိုးစီးပွားနှင့် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့ပါ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖြစ်သလိုဖောက်လုပ်ထားတဲ့(၁၀)ပေအကျယ်ရှိ ကားလမ်း၊ (၇)မိုင်အား (၂၄)ပေအကျယ် အမာခံလမ်းအဖြစ် ၂၀၁၈ - ၂၀၁၉

ဘဏ္ဍာရေးနှစ် ပြုပြင်ရန်ပုံငွေ RE တွင်လည်းကောင်း၊ မဖြစ်နိုင်ပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြင့်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောချစ်ဦး မှ မေးမြန်းထားတဲ့ လှိုင်းဘွဲ့မြို့ပေါ် (၄)ရပ်ကွက်နှင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီ၌ တောင်ကျရေကြောင့် ရေနစ်မြုပ်မှုဒဏ်ကို ကာကွယ်ပေးရန် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် မြို့နယ်အတွင်း ပျက်စီးသွားသော လမ်းတံတားများအား ပြန်လည်တည်ဆောက် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ပေးပို့လာသော ဖြေကြားချက်များနှင့်ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ပေါ်ရှိ ရပ်ကွက်(၄)ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှစ်စဉ်နှစ်တိုင်း မိုးရာသီ၌ တောင်ကျရေကြောင့် ရေနစ်မြုပ်မှုဒဏ် ကာကွယ်ပေးရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိကြောင်း သိရှိရပါတယ်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လမ်းများဖြစ်သော ဘားအံ - လှိုင်းဘွဲ့လမ်း၊ လှိုင်းဘွဲ့ - ပိုင်ကျုံလမ်း၊ လှိုင်းဘွဲ့ - ရှမ်းရွာသစ်လမ်း၊ လှိုင်းဘွဲ့ - ရွှေဂွန်းလမ်းနှင့် လှိုင်းဘွဲ့မြို့တွင်းလမ်းတို့တွင် မိုးဒဏ်ကြောင့် ပျက်စီးသောနေရာများ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းပေါက်များဖာထေးခြင်း၊ အမာခံလမ်းပခုံးခင်းခြင်းနှင့် တံတားချဉ်းကပ် ကမ်းပါးများအား ကျောက်စီမြေကာနံရံ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရန်ပုံငွေနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ တင်ပြတောင်းခံထားပါတယ်။ လက်ရှိအချိန်သည် မိုးတွင်းကာလဖြစ်သဖြင့် ကတ္တရာ

လုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ယာဉ်သွားလာမှုမပြတ်တောက်စေရန် အတွက် ယာယီအားဖြင့် ကျောက်ကြီးဖြည့်ခင်း၍ ကျောက်ရောမြေခင်းခြင်း၊ Water Bond ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် မိုးဒဏ်ကြောင့် ပျက်စီးသွားသော လှိုင်းဘွဲ့ - ရှမ်းရွာသစ် လမ်းပေါ်ရှိ (၁၀)ပေ အရှည် ကွန်ကရစ်တံတားနေရာတွင် ပေ(၇၀)အရှည် ယာယီဘေလီတံတား(၁)စင်း တည်ဆောက်ခြင်းနှင့် ပေ(၆၀)အရှည် ကွန်ကရစ်တံတား ချဉ်းကပ်လမ်း ရေတိုက်စားခံရ၍ ကျိုးကျပြတ်တောက်သွားသော နေရာတွင် ပေ(၅၀)အရှည် ယာယီဘေလီတံတား(၁)စင်း စုစုပေါင်း ယာယီဘေလီတံတား(၂)စင်းကို အရေးပေါ် တည်ဆောက်ပေးခဲ့ပြီးဖြစ်တဲ့အတွက် လက်ရှိအချိန်မှာ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်း မရှိဘဲ ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာလျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထီလုံ - တာပေါင် - ပတ - နဘူး - ကော့ကရိတ် (တံတားကျိုး)လမ်း၏ လှိုင်းဘွဲ့မြို့နယ်အပိုင်းတွင် ဘေလီတံတားနှင့် သစ်သားတံတား စုစုပေါင်း တံတား(၅)စင်း ရေထဲမျောပါပျက်စီးခဲ့ပြီး ပျက်စီးသွားသော တံတား(၅)စင်းနေရာတွင် ဘေလီတံတား များဖြင့် အစားထိုးပြုပြင်တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ ထို့အပြင် မိုင်တိုင်အမှတ် (၃၂/၃)နှင့် (၃၂/၄) အကြားတွင် လမ်းတာပေါင် ရေတိုက်စားခံရပြီး အရှည်ပေ(၂၀၀)ခန့် ပြတ်ကျသွားခဲ့သဖြင့် ၎င်းနေရာတွင် ကွန်ကရစ်တံတား(၁)စင်း ပြန်လည်တည်ဆောက်နိုင်ရန်အတွက် မြေပြင်ကွင်းဆင်း တိုင်းတာလျက် ရှိပါတယ်။

လှိုင်းဘွဲ့မြို့နယ်တွင် ယခုနှစ်မိုးရာသီအတွင်း ရေကြီးရေလျှံမှုကြောင့် ကျောက်ချောလမ်း (၁)မိုင်၊ (၁.၈)ဖာလုံ၊ မြေသားလမ်း(၃)မိုင်၊ (၅.၁၅)ဖာလုံ၊ လမ်းပခုံးသား (၂.၂၇)ဖာလုံ၊ ကွန်ကရစ် တံတား(၂)စင်း၏ ချဉ်းကပ်လမ်းများ၊ ပေ(၄၀)အရှည် ကွန်ကရစ်တံတား(၁)စင်းနှင့် Box Culvert (၉)စင်းတို့ ရေစီးအားကြောင့် ပျက်စီးခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ပျက်စီးသွားသော ကျေးလက်လမ်းတံတားများအား ရေကျသွားချိန်ကတည်းက စတင်ပြီးတော့ ပြုပြင်ဆောင်ရွက်လျက် ရှိပါတယ်။ နောင်လာမည့်နှစ်များတွင်လည်း ရေကြီးနစ်မြုပ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် ရေမြောင်း/တံတားများ၏ အဝင်အထွက်များအား ရှင်းလင်းခြင်း၊ လမ်းတာပေါင်မြှင့်တင်ရန် လိုအပ်မည့်နေရာများတွင် တာပေါင်မြှင့်တင်ခြင်း၊ လမ်းတံတားများ ရေကျော်ပါက လမ်းမပိတ်စေရန်အတွက် လိုအပ်သည့် လမ်းပုံစံ Design များနှင့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ Power Point မှာ ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ သဖန်းချောင်းနှင့် အခြားမြစ်ချောင်းများရဲ့ ရေစီးရေလာကောင်းမွန်စေရေးအတွက်ကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိတဲ့ လှိုင်းဘွဲ့ချောင်း ရေတိုက်စားကမ်းပြိုမှုကြောင့် ချောင်းဘေးရှိကျေးရွာများ ရေကြီးရေလျှံ ရေဘေးသင့်မှု ကင်းဝေးစေရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ရေရှည်အစီအမံဖြစ်သော ချောင်း၏လိုအပ်သော အကျယ်နှင့်အနက်ရရှိအောင် ဆောင်ရွက်ခြင်း၊ မြစ်ကွေးများ၏အပြင်ဘက် (Outer Bend) တွင် ကမ်းထိန်းတမံများ တည်ဆောက်ခြင်း စသည့်

လုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် အသေးစိတ်လေ့လာမှုလုပ်ငန်းများနှင့် တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီးတော့ လူထုအကြံပြုဆွေးနွေးပွဲများပြုလုပ်ပြီး သဘောထားရယူကာ လိုအပ်သောအစီအမံများ ဖြည့်စွက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ခွါဟရန်ကျေးရွာနှင့် ဟားခါးမြို့နယ်၊ လေပီးကျေးရွာအကြား ကျေးရွာချင်းဆက် လမ်း(၇)မိုင်ကို ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ဖြေကြားချက်နှင့်ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ ခွါဟရန် ကျေးရွာနှင့် ဟားခါးမြို့နယ်ရှိ လေပီးကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းသည် လမ်းအရှည်(၇)မိုင်ရှိပြီး လမ်းအကျယ်(၁၂)ပေ ရှိပါတယ်။ လမ်းအဆင့် သတ်မှတ်ချက်အရ Class (B) ဦးစားပေး အဆင့်(၃)တွင် ပါဝင်သည့်အတွက် လမ်းအကျယ်(၂၄)ပေ လမ်းတာ ချဲ့ခြင်းနှင့် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် လမ်းအဆင့် မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမှာ ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဒေါ်လှဋွေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ **နယ်နိမိတ် တိုင်းတာပိုင်းခြား**

**သတ်မှတ်ရေး ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။**

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၈- ၅၃၆

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို** ၂၃-၈-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)၊ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၅-၉-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေး ခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၆-၉-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ **နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး**ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ဥပဒေကြမ်းတစ်ခုလုံးတွင်ပါရှိသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားကြပ်မတ်ရေးအရာရှိ၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးအရာရှိ ဆိုသည့်စကားရပ်ကို နယ်နိမိတ် ကြပ်မတ်ရေး အရာရှိ၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော အဖွဲ့အစည်းတစ်ခုခုက တစ်နည်းနည်းဖြင့် ချမှတ်ထားသည့် ဆိုသည့်စကားရပ်ကို အဖွဲ့အစည်းတစ်ခုခုက ဖော်ပြရန် သို့မဟုတ် ညွှန်ပြရန်အတွက် ချမှတ်ထားသည့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော လိုအပ်ပါက မည်သည့် လူပုဂ္ဂိုလ် ဆိုသည့်စကားရပ်ကို လိုအပ်ပါက ယင်းကိစ္စနှင့် သက်ဆိုင်သော မည်သည့်လူပုဂ္ဂိုလ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တွင် ဖော်ပြထားသော သက်ဆိုင်သူများက အထောက်အထား စာချုပ်စာတမ်းများ ဆိုသည့်စကားရပ်ကို သက်ဆိုင်သူများက မှတ်တမ်း၊ အထောက်အထား သို့မဟုတ် စာချုပ်စာတမ်းများ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲ(ဍ)တွင် ဖော်ပြထားသော အထောက်အထား ခိုင်မာစွာတွေ့ရှိပါက ဆိုသည့် စကားရပ်၏ရှေ့တွင် မှတ်တမ်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၄ ခြေဆင်းတွင် ဖော်ပြထားသော ကွင်းဖွဲ့

တိုင်းတာခြင်းလုပ်ငန်းများ ဆိုသည့်စကားရပ်နောက်တွင် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်း တို့၏ မြေတိုင်းတာခြင်းလုပ်ငန်းများနှင့် ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးပြင်ဆင်သင့် ကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

၃။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က ဤဥပဒေကြမ်းကို မပြဋ္ဌာန်းသင့်ကြောင်း ကန့်ကွက်ဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အနေဖြင့် လက်ရှိကျင့်သုံးလျက်ရှိသော The Boundaries Act (INDIA ACT V, 1880,Vol.X) သည် နှစ်ပေါင်း ၁၃၈ နှစ်ကြာမြင့်နေပြီဖြစ်၍ ခေတ်စနစ်နှင့် ဆီလျော်မှုမရှိတော့ခြင်း၊ မြေနယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်သည့် လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်ခြင်း တို့ကြောင့် ဤဥပဒေကို အတည်ပြုပြဋ္ဌာန်းသင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြထားသည့် ပြင်ဆင်ချက်များကို အမျိုးသား လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် ဦးတင်အောင်ထွန်း၏ တင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၄)ဦး ဆွေးနွေးခဲ့ရာ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) တို့မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးပြီး ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းရန် မသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်ဟု ဥပဒေကြမ်းကော်မတီက တင်ပြသွားပါတယ်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ပထမဦးစွာ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် သင့်/မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ်အသုံးပြု၍ လျို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်သင့်ကြောင်း သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး ပြဋ္ဌာန်းရန် မသင့်ကြောင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲ ပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကို ပြဋ္ဌာန်းသင့်သည် ဆိုသည့် အချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူမှာဖြစ်ပြီး ကန့်ကွက်မဲများပါက ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၆၆)မဲ၊ ကန့်ကွက်မဲ (၆)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ဆက်လက်ရယူ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ (က)(ခ)(င)၊ အပိုဒ် ၄ (က)၊ အပိုဒ် ၆၊ အပိုဒ် ၇ (က)၊ အပိုဒ် ၇ (ခ) ရဲ့ ခြေဆင်း၊ အပိုဒ် ၇ (ခ) အပိုဒ်ခွဲငယ်(၃) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ (က)(ခ)(င)၊ အပိုဒ် ၄ (က)၊ အပိုဒ် ၆၊ အပိုဒ် ၇ (က)၊ အပိုဒ် ၇ (ခ) ခြေဆင်း၊ အပိုဒ် ၇ (ခ) အပိုဒ်ခွဲငယ်(၃)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၈ (က)(ခ)(ဂ)(စ)(ဆ)(ည)(ဍ)၊ အပိုဒ် ၉ (က)(ခ)(ဂ)(င)(စ)(ဈ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ (က)(ခ)(ဂ)(စ)(ဆ)(ည)(ဍ)၊ အပိုဒ် ၉ (က)(ခ)(ဂ)(င)(စ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ နှင့် အပိုဒ် ၂၀ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၂၄ ရဲ့ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅၊ အပိုဒ်၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉ (က)(ခ)၊ အပိုဒ် ၃၀ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉ (က)(ခ)၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ အဆိုပြုဥပဒေကြမ်းတစ်ရပ်လုံးမှာပါရှိတဲ့ နယ်နိမိတ် တိုင်းတာပိုင်းခြား ကြပ်မတ်ရေး အရာရှိ ဆိုတဲ့ စကားရပ်ရဲ့နေရာမှာ နယ်နိမိတ် ကြပ်မတ်ရေးအရာရှိ၊ နောက်တစ်ခါ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေးအရာရှိ ဆိုတဲ့ စကားရပ်ရဲ့နေရာမှာ နယ်နိမိတ် သတ်မှတ်ရေးအရာရှိ ဆိုတဲ့ စကားရပ်တွေကို ဥပဒေကြမ်းတစ်ခုလုံးမှာ ပြောင်းလဲ ပြင်ဆင်ထားပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် နယ်နိမိတ်ကြပ်မတ်ရေး အရာရှိ၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၇ (က)(၃)ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့် လွှတ်တော်က ပယ်ဖျက် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ လွှတ်တော်အစည်းအဝေးက အတည်ပြုပြီးဖြစ်တဲ့ ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကလွဲပြီးတော့ ကျန်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ အဆိုပြုပြင်ဆင်ချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးလှကျော်(ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းခဲ့တဲ့ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းအား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် စောချစ်ဦး မှ ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဒေါ်ကျိန်ငိုက်မန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်ပါစေလို့ ကျွန်မ ပထမဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်မှုအရ မြန်မာ့သတ္တုတွင်း နည်းဥပဒေများအပေါ်

စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ကျိန်ငိုက်မန်မှ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာ့သတ္တုတွင်းနည်းဥပဒေများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၈ - ၅၃၈

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ၁၇-၈-၂၀၁၈ ရက်နေ့တွင် ပေးပို့ လာပါသည်။ ဒီနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)က ၃၁-၈-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၄-၉-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများအပေါ် ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အကြံပြုဆွေးနွေးခဲ့သည့်အချက် များကို အခြေခံ၍ အဆိုပြုသည့် နည်းဥပဒေ ၁၈၁၊ နည်းဥပဒေခွဲ(ခ)၏နောက်တွင် နည်းဥပဒေခွဲ(န) အဖြစ် ဓာတ်သတ္တုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ၊ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရန်၊ မတော်တဆဖြစ်ပွားမှုများ ကာကွယ်ရန် လိုအပ်သော စီမံချက်များကို စီစဉ်ထားရှိရမည်ဟု ဖြည့်စွက်၍သော်လည်းကောင်း၊ နည်းဥပဒေ ၁၈၄၊ နည်းဥပဒေခွဲ(ခ)၏ နောက်တွင် နည်းဥပဒေခွဲ(ဂ)အဖြစ် ဓာတ်သတ္တု လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာသည် ဓာတ်သတ္တု ဆင့်တက် ပြုပြင်ခြင်း လုပ်ငန်းခွင်ရှိ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲထားရှိ၍ စီစဉ်ဆောင်ရွက်ပေးရမည်ဟု ဖြည့်စွက်၍လည်းကောင်း၊ နည်းဥပဒေ ၂၁၄၊ နည်းဥပဒေခွဲ(ခ)၏ နောက်တွင် နည်းဥပဒေခွဲ(ဂ)အဖြစ် ယှဉ်ပြိုင်မှုနည်းလမ်းဖြင့် ဆောင်ရွက်မည့် ဧရိယာများအတွက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနအား စမ်းသပ်တိုင်းတာခဲ့သော ဧရိယာဖြစ်ပါက ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ မြေပုံများကို အများပြည်သူများအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်ဟု ဖြည့်စွက်ထားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ အဆိုပြုသည့် နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား **ခွင့်ပြုမိန့်ပါ ရှာဖွေရေးလုပ်ငန်းများ ပြီးမြောက်နိုင်ပါက အစီရင်ခံစာနှင့်အတူ စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရန် သတ်မှတ်ချက်နှင့်အညီ အနည်းဆုံး (၃)လကြိုတင်၍ လျှောက်ထားနိုင်သည်** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေ ၁၃၁ တွင် ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာန သို့မဟုတ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်းလေ့လာရန် ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် နည်းဥပဒေ ၁၂၈ ပါ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဓိကလိုအပ်ချက်များ ပြည့်စုံမှုရှိပါက လက်ခံဆောင်ရွက်ပေးနိုင်သည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်ရှင်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့သတ္တုတွင်း နည်းဥပဒေများအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေ ၁၃၁၊ နည်းဥပဒေ ၁၈၁၊ နည်းဥပဒေခွဲ(န) ပြင်ဆင်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ(ဌ)၊ နည်းဥပဒေ ၁၃၁၊ နည်းဥပဒေ ၁၈၁၊ နည်းဥပဒေခွဲ(န) သည် ဤနည်းဥပဒေများ၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ နည်းဥပဒေ ၁၈၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၂၁၄၊ နည်းဥပဒေခွဲ(ဂ) ပြင်ဆင်ဖြည့်စွက်ချက်ကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် နည်းဥပဒေ ၁၈၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၂၁၄၊ နည်းဥပဒေခွဲ(ဂ)သည် ဤနည်းဥပဒေများ၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ လွှတ်တော်အစည်းအဝေးကနေ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုလိုက်တဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများမှအပဖြစ်တဲ့ ကျန်ရှိတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲတွေကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၈)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၁၈နာရီအချိန်တွင် ရပ်နားပါသည်။]